နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ၂၈.၉.၂၀၂၂ ရက်တွင် မိတ္ထီလာမြို့၊ ၂၉.၉.၂၀၂၂ ရက်တွင် မန္တလေးမြို့ ၊ ၃.၁၀.၂၀၂၂ ရက်တွင် ရန်ကုန်မြို့၊ ၄.၁၀.၂၀၂၂ ရက်တွင် ပြည်မြို့ နှင့် ၅.၁၀.၂၀၂၂ ရက်တွင် သရေခေတ္တရာမြို့ဟောင်းယဉ်ကျေးမှုဇုန်တို့တွင် သွားရောက်ခဲ့သည့် ခရီးစဉ်လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်မှုအခြေအနေ

| စဉ် | | အကြောင်းအရာ | ဆောင်ရွက်ရန် ဌာန | ဆောင်ရွက်ပြီးစီးမှု အခြေအနေ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ၃၃ | နိုင်ငံပိုင်စီးပွားရေး၊ဒေသစီးပွားရေးအထောက်အကူပြု စေမည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှု လုပ်ငန်းများ (MSME) ကို အားပေး ဆောင်ရွက်စေပြီး လိုအပ်သည့်နည်းပညာနှင့် ရင်းနှီးငွေများအား သတ်မှတ်ချက်နှင့်အညီ ပံ့ပိုး ပေးနိုင်ရေး ဆောင်ရွက်ရန်၊ | သမဝါယမ/ ကျေးလက် စက်မှု | - စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသည် MSMEs များ လိုအပ်သောရင်းနှီးငွေအတွက်ချေးငွေနှင့် ငွေကြေး အထောက်အပံ့ ပံ့ပိုးပေးသည့်အစီအစဉ်များတွင်–<br>(က) လုပ်ငန်းရှင်များသို့ ဆိုရှယ်မီဒီယာများ၊ လက်ကမ်းစာစောင်များ၊ ဆွေးနွေးပွဲများမှတဆင့် သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊ **(ဆွေးနွေးပွဲ (၁၃၈) ကြိမ် ကျင်းပခဲ့ပြီး လုပ်ငန်းရှင် ၁၃,၇၄၂ ဦး တက်ရောက်ခဲ့ပါသည်။)**<br>(ခ) အာမခံချေးငွေစနစ် (CGI) ဖြင့် လျှောက်ထားသော MSME လုပ်ငန်းရှင်များမှ လုပ်ငန်းရှင် ဖြစ်ကြောင်း ထောက်ခံချက် လျှောက်ထားလာပါက ထောက်ခံစာနှင့် SME Member Card များ စိစစ်ထုတ်ပေးခြင်း၊ **(ထောက်ခံစာ ၁၀,၈၅၉ ခုနှင့် SME Member Card ၄၀,၇၆၆ ခု ထုတ်ပေးပြီး ဖြစ်ပါသည်။)**<br>(ဂ) Responsible Business Fund (RBF) Project အား RBF Myanmarနှင့် ပူးပေါင်းဆောင်ရွက်ခြင်း **(စီမံကိန်း စုစုပေါင်း ၅၇၉ ခုသို့ ကျပ် ၁၈,၅၆၃.၅၉၇ သန်း ထောက်ပံ့ပြီး ဖြစ်ပါ သည်၊)** | |

| | | | | | |
|---|---|---|---|---|---|
| | | | | (ဃ) JICA Two-step Loan ချေးငွေအစီအစဉ်တွင် ချေးငွေဆိုင်ရာ ဘဏ်ချေးငွေရရှိရေးလုပ်ငန်းအဖွဲ့ (Working Group) တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါ သည်။ | |
| ၂။ | ၃၄ | အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှု လုပ်ငန်းများ (MSME)မှ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ထုတ်ကုန် ပစ္စည်းများအား တန်ဖိုးမြင့် (Value Added) ထုတ်လုပ်ပြီး ပြည်တွင်း ပြည်ပ ဈေးကွက်များတွင် ရောင်းချနိုင်ရေး ဆောင်ရွက်ပေးရန်၊ | သမဝါယမ/ ကျေးလက် စက်မှု | - ဒေသစီးပွားရေး အထောက်အကူပြုစေမည့် အသေးစား၊ အငယ်စား နှင့်အလတ်စား စက်မှုလုပ်ငန်းများ (MSME) ကို အားပေး ဆောင်ရွက်စေပြီးလိုအပ်သည့် နည်းပညာ သတ်မှတ်ချက်နှင့်အညီ ပံ့ပိုးပေးနိုင်ရေးနှင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ထုတ်ကုန် ပစ္စည်းများအား တန်ဖိုးမြင့် (Value Added) ထုတ်လုပ်နိုင်ရေးတို့အတွက် (၁) မန္တလေးတိုင်း (၂) မိတ္ထီလာခရိုင် (၃) ပဲခူးတိုင်း (၄) ရန်ကုန်တိုင်းတို့မှ တောင်းဆိုလာသည့် အရည်အသွေးကောင်းမွန်သော စားသုံးဆီများ သန့်စင်သည့်နည်းပညာနှင့် ထုတ်လုပ်သည့် နည်းပညာ များကို ကူညီပံ့ပိုးပေးနိုင်ရန် ကနဦး ညှိနှိုင်းဆွေးနွေးခြင်း၊ MSME လုပ်ငန်းရှင်များ လိုအပ်သည့် နည်းပညာများ အကြောင်း အသေးစိတ်မေးမြန်းဆွေးနွေးခြင်း၊ နည်းပညာ လိုအပ်ချက်အား ပူးပေါင်းပံ့ပိုးပေးနိုင်မည့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း နှင့် ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ လိုအပ်သည့် နည်းပညာများကို သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းပံ့ပိုးပေးခြင်းစသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် Timeline နှင့် Action Plan များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ | |

| | | | | | |
|---|---|---|---|---|---|
| | | | | ယခုအခါ နည်းပညာနှင့်ဈေးကွက်မြှင့်တင်ရေးဌာနမှ အရာထမ်းများသည် (၁၄.၁၀.၂၀၂၂) ရက်နေ့တွင် အစားအသောက်ထုတ်လုပ်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင် ဦးစိန်သောင်းဦး၊ ဒုတိယဥက္ကဋ္ဌ (MFPEA) အား ပြည်ထောင်စုဝန်ကြီး ၏ လမ်းညွှန်မှုဖြင့် ကနဦးသွားရောက် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် စားသုံးဆီထုတ်လုပ်မှုနှင့်ပတ်သက်သည့် အသိပညာပေး ဆွေးနွေးပွဲတစ်ရပ်ကို အောက်တိုဘာလ စတုတ္ထပတ်တွင် ကျင်းပပြုလုပ် မည် ဖြစ်ပါသည်။<br>- ASEAN ဒေသတွင်း SME များအား အထောက်အပံ့ပေးနိုင်ရန် ရည်ရွယ်၍ ACCMSME (ASEAN Coordinating Committee on Micro, Small and Medium Enterprises) ၏ ဦးဆောင်မှု ဖြင့် ရေးဆွဲခဲ့သည့် ASEAN Access နှင့် ASEAN Access Match Web portal တို့မှတဆင့် မြန်မာ SME များအာဆီယံနိုင်ငံများ၏ စီးပွားရေးဆိုင်ရာ သတင်းအချက် အလက်များနှင့် International Trade အကြောင်း လေ့လာနိုင်ရန်၊ နိုင်ငံတကာဈေးကွက်သို့ ချိတ်ဆက်နိုင်ရန်၊အာဆီယံနိုင်ငံများမှ ကျင်းပပြုလုပ်သည့် Events များ၊ Matchmaking Event များတွင် ပူးပေါင်းပါဝင်၍ ဈေးကွက်အခွင့်အလမ်းများ ရရှိနိုင်ရေး တို့အတွက်လုပ်ငန်းရှင်များသို့ သတင်းအချက်အလက်များ ဖြန့်ဝေ ဆောင်ရွက်ပေး လျက်ရှိပါသည်။ | |

| | | | | | |
|---|---|---|---|---|---|
| ၃။ | ၃၇ | ကုန်ထုတ်လုပ်မှုကို ဦးစားပေးသည့် စီးပွားရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်နှင့် ကုန်ပစ္စည်း များ ထုတ်လုပ်ရာတွင် အမြတ်နည်းနည်း ဖြင့် များများ ရောင်းချနိုင်သည့် ကုန်ပစ္စည်းများကို ထုတ်လုပ် ဆောင် ရွက်ရန်၊ | စိုက်/မွေး/ ဆည် သမဝါယမ/ ကျေးလက် စက်မှု | - ကုန်ထုတ်လုပ်မှုကို ဦးစားပေးသည့် စီးပွားရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်နှင့် ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အမြတ်နည်းနည်းဖြင့်များများ ရောင်းချနိုင်သည့် ကုန်ပစ္စည်း များကို ထုတ်လုပ် ဆောင်ရွက်ရေးအတွက် MSME လုပ်ငန်းရှင် များအား တွေ့ဆုံမေးမြန်းပြီး၊ ၎င်းတို့လိုအပ်မည့် ထုတ်လုပ်မှုဆိုင်ရာ သင်တန်းများအား ဖွင့်လှစ်နိုင်ရေး အတွက် ပူးပေါင်း ပံ့ပိုးပေးနိုင်မည့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပူးပေါင်းပံ့ပိုးပေးခြင်း စသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေး စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ | ရင်းနှီး |
| ၄။ | ၃၈ | ထုတ်ကုန်များ ထုတ်လုပ်ရာတွင် တန်ဖိုးမြင့် ထုတ် ကုန်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပြီး ဈေးကွက် ရရှိရေးအတွက် အလတ်စား စက်မှုလက်မှု လုပ်ငန်းရှင်များနှင့် ချိတ်ဆက် ဆောင်ရွက်ပေးရန် နှင့် ကုန်ပစ္စည်း ပြပွဲများ ကျင်းပနိုင်ရေးပံ့ပိုးကူညီ ဆောင်ရွက်ပေးရန်၊ | သမဝါယမ/ ကျေးလက် စက်မှု | - MSME ထုတ်ကုန်များ ဈေးကွက် ရရှိရေးအတွက် Digital Platform အသုံးပြုဆောင်ရွက်သော E-Market Place for Myanmar Product Platform ကို ၂၀၂၂-၂၀၂၃ ခုနှစ်တွင် အကောင်အထည်ဖော်လျက်ရှိရာPlatformရေးဆွဲခြင်း၊ MSME လုပ်ငန်း (၁၀၀) ခု တို့၏ ထုတ်ကုန်အချက် အလက်များအား Platform ပေါ်တင်ခြင်းများ ဆောင်ရွက်ပြီး ဖြစ်ပါသည်။ | နည်းပ ညာ |
| ၅။ | ၃၉ | MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျယ် ပြန့်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ရေး အတွက် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် ကုန်စည်ပြပွဲများ အပြန်အလှန် ကျင်းပပြုလုပ် နိုင်ရေး စီမံဆောင်ရွက်ရန် | သမဝါယမ/ ကျေးလက် စက်မှု နေပြည်တော် ကောင်စီ အဖရ(မန္တလေး) | - တတိယအကြိမ် "မဲခေါင်ဒေသတွင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက် မှု အတွက် ဆန်းသစ်တီထွင်မှုနှင့် လူငယ်စွန့်ဦးတီထွင်ခြင်း ဆိုင်ရာနှီးနှောဖလှယ်ပွဲ"ကို မဲခေါင်ဒေသပူးပေါင်း ဆောင်ရွက်ရေး အထူးရန်ပုံငွေတစ်ရပ်ဖြင့် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၂၆) ရက်နေ့မှ(၂၈) ရက်နေ့အထိ နေပြည်တော် ၌ ကျင်းပပြုလုပ် သွားမည်ဖြစ်ပြီး ဒေသတွင်းထုတ်ကုန် ပြပွဲကို ပူးတွဲကျင်းပ သွားမည်ဖြစ်ပါသည်။ အဆိုပါပြပွဲတွင် | မူဝါဒ |

| | | | | | |
|---|---|---|---|---|---|
| | | | အဖရ(ရန်ကုန်) | တီထွင်ဆန်းသစ်မှု ရှိသော ထုတ်ကုန်များ၊ သွင်းကုန် အစားထိုး ထုတ်ကုန်များ၊ ပို့ကုန်ဦးစားပေး ထုတ်ကုန်များနှင့် ပြည်တွင်း ကုန်ကြမ်း အသုံးပြု၍ ထုတ်လုပ်သော MSME ထုတ်ကုန်များကို ဦးစားပေးဖိတ်ခေါ်၍ ပြပွဲကျင်းပသွားမည် ဖြစ်ပါသည်။<br>- ကုန်စည်ပြပွဲများကို ယခုပွင့်လင်းရာသီတွင် ဧရိယာဒေသ နီးကပ်သည့် ပြည်နယ်/ တိုင်းဒေသကြီးများ စုစည်းပေါင်းစပ်၍ နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးတို့တွင် ကျင်းပနိုင်ရေး MSME လုပ်ငန်းကော်မတီ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးများ ပါဝင်ကာ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ | |
| ၆။ | ၄၅ | မိတ္ထီလာစက်မှုဇုန်အတွင်း ရေဆိုးမြောင်းများ စနစ်တကျရှိစေရေးအတွက် စက်မှုဇုန် ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ကြပ်မတ် ဆောင်ရွက်ရန်နှင့် စက်မှုဇုန်အတွင်း လုပ်ငန်းများ ဆောင်ရွက်နေသူများ အနေဖြင့်လည်း မိမိတို့နေရာ အလိုက် ရေမြောင်းများ သန့်ရှင်းစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ဝိုင်းဝန်းဆောင်ရွက်ရန်၊ | စက်မှု<br>အဖရ<br>(မန္တလေး) | - မိတ္ထီလာစက်မှုဇုန်ကြီးကြပ်မှုကော်မတီမှ ဦးဆောင်၍ သက်ဆိုင် သည့် ဌာနဆိုင်ရာများမှ စက်မှုဇုန်တွင်းရှိ လုပ်ငန်းရှင်များ၊ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဝင်များအား ခေါ်ယူ မှာကြား၍ ရေဆိုးမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် တာဝန်ပေးအပ် ဆောင်ရွက်ထားပါသည်။ တိုင်းဒေသကြီး အစိုးရအဖွဲ့ ၏ လမ်းညွှန်မှုကို ခံယူလျက် ရေမြောင်း ပြင်ဆင်ဖောက်လုပ်ခြင်း၊ မြောင်းအသစ် တူးဖော်ခြင်းများကို ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။ | ကြီး<br>ပြပ် |
| ၇။ | ၄၆ | စက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ စက်မှုရပ်ကွက်သည် စက်မှုလုပ်ငန်းများနှင့်အတူ လူအများ နေထိုင်နိုင်သော်လည်း စက်မှုဇုန်သည် လုပ်ငန်း | စက်မှု | - ဒေသဆိုင်ရာ ကော်မတီစက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီများနှင့် ချိတ်ဆက်၍ ကြပ်မတ် ဆောင်ရွက်သွားပါမည်။ | ကြီး<br>ပြပ် |

| | | | | | |
|---|---|---|---|---|---|
| | | များ သီးသန့် ဆောင်ရွက်နိုင်ရန်သာဖြစ်ပြီး လူများ နေထိုင်မှု မရနိုင်သဖြင့် ကြပ်မတ်ဆောင်ရွက်ရန်၊ | | | |
| ၈။ | ၄၇ | ချည်ထုတ်လုပ်ရာတွင် အရည်အသွေးကောင်းမွန်သည့် ဝါများရရှိရေး၊ ရက်ကန်းစက်များ ကောင်းမွန် အောင် ပြုပြင်ထားရေးနှင့် ဝါကုန်ကြမ်းများကို အသုံးပြု၍ ချည်ထည်ပစ္စည်းများ အရည်အသွေး ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရန်၊ | စိုက်/မွေး/ ဆည် စက်မှု | အရည်အသွေးကောင်းမွန်သည့်ချည်များ ရရှိနိုင်ရေး မန္တလေးတိုင်းဒေသကြီး ရက္ကန်းလုပ်ငန်းရှင်များ ဥက္ကဋ္ဌဒေါ်မြင့်မြင့်သန်း (၇.၁၀.၂၀၂၂) ရက်နေ့တွင် ရုံးအမှတ်(၃၀) နေပြည်တော်သို့ ခေါ်ယူတွေ့ဆုံ၍ ဝန်ကြီးဌာနမှ တင်ဒါစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ပါသည်။ | ကစလ (၃) |
| ၉။ | ၄၈ | စက်မှုလုပ်ငန်းများတွင် သေချာသည့် ဒေသထွက် ကုန်ကြမ်းများ ကို အခြေခံသည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဖြစ်စေရေး ပူးပေါင်း ဆောင်ရွက်ရန်၊ | စက်မှု | – ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဖြစ်စေရေးတွန်းအားပေး ဆောင်ရွက်နိုင်ရန် အတွက် ဒေသအလိုက် MSME လုပ်ငန်းများ၊ ဆက်စပ်ဝန်ကြီးဌာနများ အပါအဝင် အသင်းအဖွဲ့များ၊ Stakeholder များနှင့် ချိတ်ဆက်၍ ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေးဆိုင်ရာ ဆွေးနွေးပွဲများကို ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ | ကြီးြပ် |
| ၁၀။ | ၄၉ | အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများ ထုတ်လုပ် နိုင်ရန်အတွက် လိုအပ်သည့်ကုန်ကြမ်း၊ စွမ်းအင်၊ ခေတ်မီ စက်ကိရိယာများ၊ အရင်းအနှီး၊ နည်းပညာများ နှင့် လူသားအရင်းအမြစ်များ ဖြည့်ဆည်းပေးနိုင်ရေး စီမံ ဆောင်ရွက်ရန်၊ | သမဝါယမ/ ကျေးလက် စက်မှု | – အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် အတွက် လိုအပ်သည့်ကုန်ကြမ်း၊ စွမ်းအင်၊ ခေတ်မီစက်ကိရိယာများ၊ အရင်းအနှီး၊ နည်းပညာများနှင့် လူသားအရင်းအမြစ်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များကို MSME လုပ်ငန်းကော်မတီ သို့တင်ပြ၍ ဆက်လက် ဆောင် ရွက်သွားမည်ဖြစ်ပါသည်။<br>– အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် အတွက် ပြည်တွင်းထုတ်ကုန်နှင့် ဝန်ဆောင်မှုများအပေါ်ထိ ရောက်သည့် ဈေးကွက်ချဲ့ထွင်ရေး ဆိုင်ရာသင်တန်းများ၊ MSME များ၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက် | မူဝါဒ/ လုပ်ငန်း ကော်မတီ |

| | | | | | |
|---|---|---|---|---|---|
| | | | | ရေးအတွက် လက်တွေ့ လုပ်ငန်းခွင် စီးပွားရေးဆိုင်ရာ အထောက်အကူပြု သင်တန်းများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဒီဂျစ်တယ် ဝန်ဆောင်မှုဆိုင်ရာ ပက်လက်ဖောင်းများ အသုံးပြုမှုမြှင့်တင် နိုင်ရေးအတွက် လက်တွေ့ အသုံးချ သင်တန်းများ၊ E-commerce Platform များတွင် MSMEs များ ပါဝင်နိုင်ရေးအတွက် စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များ ဆောင်ရွက်ရန် အစီအမံများ ချမှတ် ရေးဆွဲလျက်ရှိပါသည်။ | |
| ၁၁။ | ၅၀ | မန္တလေးတိုင်းဒေသကြီးတွင် ဝါစိုက်ပျိုးကေများပြားပြီး ကုန်ကြမ်း ရနိုင်သည့် အတွက် ဝါဂွမ်းကို အခြေခံသည့် စက်မှုလက်မှု လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် အတွက် လိုအပ်သော ပံ့ပိုးမှုများ ဆောင်ရွက်ပေးရန်၊ | စက်မှု အဖရ (မန္တလေး) | -မန္တလေးတိုင်းဒေသကြီးတွင် ဝါစိုက်ပျိုးကေများပြားပြီး ကုန်ကြမ်းရနိုင်သည့်အတွက် ဝါဂွမ်းကို အခြေခံသည့် စက်မှုလက်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သော ပံ့ပိုးမှုများ တွေ့ဆုံညှိနှိုင်းဆောင်ရွက် သွားပါမည်။ | ကစလ(၃) |
| ၁၂။ | ၅၁ | နိုင်ငံတော်အနေဖြင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်စေရေးအတွက် ငွေကြေးများ ထုတ်ချေးပေးထား ခြင်း ဖြစ်သဖြင့် အမှန်တကယ်အောင်မြင်အောင် ဆောင်ရွက်ရန်နှင့် နိုင်ငံတော်သို့ ပေးဆပ်ရန် ကျန်ရှိ သည့် ချေးငွေများအား ပြန်လည် ပေးဆပ်နိုင်ရေး အတွက် ကြပ်မတ် ဆောင်ရွက်ရန်၊ | စက်မှု သမဝါယမ/ ကျေးလက် | -တိုင်းဒေသကြီး/ ပြည်နယ်များတွင် Covid-19 Fund မှ ထုတ်ပေးထားသည့်ချေးငွေများ အကျိုးရှိစွာ အသုံးချမှုအပေါ် စိစစ်ကြပ်မတ်ရေးအဖွဲ့များ ဖွဲ့စည်း၍ ချေးငွေရယူထားသည့်လုပ်ငန်းများ လည်ပတ်မှုအခြေအနေ၊ ချေးငွေပြန်လည်ပေးဆပ်နိုင်မှု အခြေအနေ၊ ချေးငွေ အကျိုးရှိစွာအသုံးချမှု၊ ချေးငွေပြန်ဆပ် နိုင်မှု ရှိ မရှိနှင့် ဝင်ငွေရရှိမှုအခြေအနေများကို စိစစ်၍ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းအဖွဲ့သို့ တင်ပြ လျက်ရှိပါသည်။ အဆိုပါအဖွဲ့တွင် စက်မှုကြီးကြပ်ရေးနှင့်စစ် ဆေးရေးဦးစီးဌာနမှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်သို့ | ရင်းနှီး |

| | | | | | |
|---|---|---|---|---|---|
| | | | | ပေးဆပ်ရန် ကျန်ရှိသည့် ချေးငွေများအား ပြန်လည်ပေးဆပ်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ပါ ကလည်း ပူးပေါင်း ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ | |
| ၁၃။ | ၅၃ | သံထုတ်လုပ်မှုအတွက် လိုအပ်သည့် သတ္တုကုန်ကြမ်းများကို သတ္တုသိုက်ရှိသည့် နေရာများတွင် ပုဂ္ဂလိက လုပ်ငန်းများကို လုပ်ပိုင်ခွင့်ပေးထားပြီးဖြစ်၍ ကြပ်မတ် ဆောင်ရွက်ရန်နှင့် အရည်အသွေး ပြည့်မီသည့် သံများ ထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ နည်းပညာများ မျှဝေပေးသွားရန် | စက်မှု | -MSME လုပ်ငန်းရှင်များမှ အရည်အသွေး ပြည့်မီသည့် သံများ ထုတ်လုပ်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပြီး နည်းပညာ လိုအပ်ချက်များအား အသေးစိတ်ဆွေးနွေးမေးမြန်းခြင်း၊ ၎င်းတို့၏ နည်းပညာ လိုအပ်ချက်များအား ပူးပေါင်းပံ့ပိုးပေးနိုင် မည့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် နည်းပညာပံ့ပိုးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်နည်း ပညာများအား သက်ဆိုင်ရာ ပညာရှင်များနှင့် ပူးပေါင်းပံ့ပိုးပေးခြင်းစသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ | ကစလ (၃)/ ကြီးကြပ် |
| ၁၄။ | ၅၄ | သတ္တု၊ သံရည်ကျိုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာလိုအပ်ချက်များနှင့် ကုန်ကြမ်းများ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ | စက်မှု | -သတ္တု၊ သံရည်ကျိုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာလိုအပ်ချက်များနှင့် ကုန်ကြမ်းများ လိုအပ်ချက်များ ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပြီး နည်းပညာနှင့် ကုန်ကြမ်း လိုအပ်ချက်များအား အသေးစိတ် ဆွေးနွေးမေးမြန်းခြင်း၊ ၎င်းတို့၏ လိုအပ်ချက်များအား ပူးပေါင်းပံ့ပိုးပေးနိုင်မည့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆွေးနွေးခြင်းစသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။ | နည်းပညာ |
| ၁၅။ | ၅၅ | စက်မှုဇုန်များကို ခရိုင်အဆင့်ထိ ဆောင်ရွက်ပြီး စက်မှု ဇုန်များဖော်ဆောင်ရာတွင် မြေနေရာ | စိုက်/မွေး/ဆည် | - ညွှန်ကြားချက်အား လိုက်နာဆောင်ရွက်သွားပါမည်။ | ကြီးကြပ် |

| | | | | | |
|---|---|---|---|---|---|
| | | လိုအပ်မှု ကို လယ်ယာမြေများပေါ်တွင် ဖော်ဆောင်ခြင်းမပြု ရန်နှင့် လယ်ယာမြေများကို အခြားနည်း သုံးစွဲခွင့်ပြုရန် တင်ပြ လျှောက်ထားမှုများအား ခွင့်မပြုရန်၊ | စက်မှု | | |
| ၁၆။ | ၆၂ | မိတ္ထီလာခရိုင်အတွင်း မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်း (MSME) များ ဆောင်ရွက်နိုင်ရေး စည်းရုံးသွားရန် | စက်မှု<br>အဖရ<br>(မန္တလေး) | – မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်း (MSME)လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် လုပ်ငန်းတူအစုအဖွဲ့များဖြစ်သည့် သားရေ ထုတ်လုပ်မှုလုပ်ငန်း၊ ဖိနပ်လုပ်ငန်း၊ အသားခြောက်လုပ်ငန်း၊ အသားငါး စည်သွပ်ဗူးလုပ်ငန်း စသည့်လုပ်ငန်းများ အလိုက် Action Plan များရေးဆွဲ၍ MSME လုပ်ငန်းကော်မတီသို့ တင်ပြ၍ ဆက်လက်ဆောင်ရွက် သွား မည်ဖြစ်ပါသည်။<br>– မိတ္ထီလာခရိုင်အတွင်း မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်း (MSME) များ ဆောင်ရွက်နိုင်ရေး စည်းရုံးသွားမည်ဖြစ်ပါသည်။ | မူဝါဒ |
| ၁၇။ | ၈၃ | ပြည်ခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ရရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ထုတ် လုပ်မှုလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရန်၊ | စိုက်/မွေး/ဆည်<br>စက်မှု<br>အဖရ(ပဲခူး) | – ဒေသထွက်ကုန်များပိုမိုကောင်းမွန်စေရေးအတွက် (၆.၁၀.၂၀၂၂) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စား နှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ ပြည်မြို့နယ် နှင့်ရွှေတောင်မြို့နယ်မှ လုပ်ငန်းရှင် (၂၀) ဦး၏ ထုတ်ကုန်များအား ကြည့်ရှု၍ ပါကင်ထုပ်ပိုးမှုစနစ်များ တိုးတက် ကောင်းမွန်စေရေး လုပ်ငန်းရှင်များအား လမ်းညွှန်မှာကြား ခဲ့ပါသည်။ | ကြီး□<br>ြပိ |

| | | | | | |
|---|---|---|---|---|---|
| | | | | - ပြည်ခရိုင်အတွင်း မြို့နယ်(၄)ခုတွင် မှတ်ပုံတင်ပုဂ္ဂလိကစက်မှုလုပ်ငန်း (၆၅၈) ခု ရှိသည့်အနက် စိုက်ပျိုးရေးအခြေခံကုန်ထုတ် လုပ်ငန်းအမျိုးစု ဖြစ်သည့် ဆန်စက်(၂၀၃) ခု နှင့် ဆီစက် (၆၆) ခု ရှိပါသည်။ အဆိုပါ ဆန်စက်နှင့်ဆီစက် လုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်ရေးအတွက် လိုအပ်သည်များ ပူးပေါင်းညှိနှိုင်း ဆောင်ရွက် သွားပါမည်။ | |
| ၁၈။ | ၈၄ | ပြည်ခရိုင်အတွင်း ဒေသထွက်ကုန်များကို အခြေခံ၍ အသေးစား၊ အငယ်စားနှင့်အလတ်စား စက်မှု လုပ်ငန်း များ(MSME) ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ | သမဝါယမ/ ကျေးလက် စက်မှု အဖရ(ပဲခူး) | - ပဲခူးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန နှင့်ချိတ်ဆက်၍ ပြည်ခရိုင် ဒေသတွင်းရှိ MSME များဖွံ့ဖြိုး တိုး တက်ရေးအတွက် MSME Capacity Building Training များ၊ ဈေးကွက်မြှင့်တင်ရေး၊ နည်းပညာ ပံ့ပိုးနိုင်ရေး ချိတ်ဆက် ပေးမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုအခါတွင် ဆီထုတ်လုပ်မှုများကို ခေတ်မီစက်ကိရိယာများနှင့် နည်းပညာ များကိုအသုံးပြု၍အရည်အသွေးပြည့်မီသည့်ဆီများ ထုတ်လုပ်နိုင်ရန် Refinery Process နည်းပညာနှင့်ပတ်သက်၍ ပြည်ဂန္ဓမာစက်မှုဇုန်မှရွှေခေတ္တရာ ဆီစက်လုပ်ငန်းသို့ (၈.၁၀. ၂၀၂၂) ရက်နေ့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ဆီလုပ်ငန်းရှင် ဒေါက်တာနေလင်းအောင် တင်ပြသော ဆီသန့်စင်သည့် Refinery နည်းပညာများ ပံ့ပိုးပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ များ၊ ပညာရှင်များ၊ အဖွဲ့အစည်းများပါဝင်သောဆွေးနွေးပွဲကို ကျင်းပသွားမည်ဖြစ်ပါသည်။ | နည်းပညာ |

ပူးတွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် (၁၇.၁၀.၂၀၂၂)ရက်နေ့တွင် ဘားအံမြို့ ၊ ဇွဲကပင်အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ၁၇.၁၀.၂၀၂၂ ရက်တွင် ကရင်ပြည်နယ် ၊ ဘားအံမြို့နှင့် ၁၈.၁၀.၂၀၂၂ ရက်နေ့တွင် မွန်ပြည်နယ် ၊ မော်လမြိုင်မြို့တို့၌ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များအား တွေ့ဆုံခဲ့စဉ် လမ်းညွှန်မှာကြားချက်များ**

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|
| ၇ | ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် စပါးကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ဒေသတွင်းဆန်ဖူလုံမှုရှိစေရေးအတွက်စပါးအထွက် နှုန်းတိုးတက်စေရေး ဆောင်ရွက်ရန်။ | **-ကရင်ပြည်နယ်**<br>ကရင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနအောက်ရှိSME ဌာန အနေဖြင့် ဒေသတွင်း ဆန်ဖူလုံမှု ရှိစေရေးအတွက် ပြည်နယ်အစိုးရ၏ လမ်းညွှန်မှုဖြင့် တန် (၁၀၀) ထွက် ခေတ်မီဆန်စက်ကို တည်ထောင်နိုင်ရန် အတွက် ဘားအံစက်မှုဇုန်တွင် မြေနေရာအကွက်ချထားခြင်း၊ သိုလှောင် ရုံများ၊ အခြောက်ခံစက်များအား သမဝါယမစနစ်ဖြင့် ထူထောင်နိုင်ရေး အတွက် ဆောင်ရွက်လျှက်ရှိပါသည်။ နိုင်ငံစီးပွား မတည်ငွေမှ ဆန်စက် လုပ်ငန်းရှင်(၉)ဦး၊ ဆီစက်လုပ်ငန်းရှင်(၇)ဦး၊ ဇီဝမြေသြဇာလုပ်ငန်းရှင်(၃)ဦး အတွက် ကုန်ထုတ် သမဝါယမအသင်းဖွဲ့စည်း၍(၂.၂၇) ဘီလီယံရရှိအောင် ဆောင်ရွက်ခဲ့ပါသည်။ ဒေသအတွင်း ဆန်ဖူလုံမှုရရှိစေရေးနှင့် စပါးအထွက် နှုန်းတိုးတက်စေရေးအတွက် ပြည်နယ်စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်လျက်ရှိပါသည်။<br>**-မွန်ပြည်နယ်**<br>မွန်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ Helvetas Thaton office (NGO)၊ မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်တို့ပူးပေါင်း၍ စပါးကို | ကရင် DISI<br><br><br><br><br><br><br><br><br><br><br><br>မွန် DISI |

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
| --- | --- | --- | --- |
| | | အခြေခံသည့်စက်မှုလုပ်ငန်းဆောင်ရွက်ရန်နှင့်ဒေသတွင်းဆန်ဖူလုံမှုရရှိစေရေးအတွက် စပါးအထွက်နှုန်းတိုးတက်စေရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ | |
| ၁၂ | ကရင်ပြည်နယ်အတွင်း ဝါးကိုအသုံးပြု၍ ပျော့ဖတ်၊ စက္ကူများအပါအဝင် အခြားလူသုံးကုန်ပစ္စည်းများစွာ ထုတ်လုပ်နိုင်ရေး တို့အတွက် နည်းပညာနှင့် လိုအပ်သည်များကို ကူညီပံ့ပိုးပေးရန်။ | ကရင်ပြည်နယ်တွင် ဒေသတွင်း ဝါးလုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးရန်နှင့် လိုအပ်ချက်များ ပံ့ပိုးကူညီနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် အသေးစား စက်မှုလက်မှု လုပ်ငန်းဌာနတို့နှင့် ချိတ်ဆက်၍ စီမံဆောင်ရွက်လျက်ရှိပါသည်။<br>-ဝါးတန်ဖိုးမြှင့်ထုတ်ကုန် ဝါးပါကေးထုတ်လုပ်မှု နည်းပညာအား ပံ့ပိုးနိုင်ရေးအတွက် နည်းပညာနှင့်ဈေးကွက်မြှင့်တင်ရေးဌာန(ရုံးချုပ်) မှ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ | ကရင်DISI<br><br><br><br>နည်းပညာ |
| ၁၈ | အသေးစား၊အငယ်စားနှင့်အလတ်စား စက်မှုလက်မှု လုပ်ငန်းများ MSME ဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ပြီး ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်။ | MSME လုပ်ငန်းတွင် ထုတ်လုပ်မှု၊ရောင်းဝယ်မှု၊ဝန်ဆောင်မှုနှင့် အခြားလုပ်ငန်းများရှိပြီး ထုတ်လုပ်မှုတွင် ဦးစားပေး(က)နှင့် ဦးစားပေး(ခ) ဟူ၍ ခွဲခြား၍ ဦးစားပေး(က)အုပ်စုတွင် အစားအသောက်၊ အဖျော်ယမကာ၊ အထည်အလိပ်၊ အဝတ်အထည်၊ သားရေ၊ သစ်နှင့် သစ်အချောထည်ပစ္စည်းများ၊ ဆေးဝါးနှင့် ရက္ခဗေဒဆိုင်ရာ ထုတ်လုပ်မှု၊ ရာဘာနှင့်ပလပ်စတစ်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းများ၊ အခြေခံသတ္တုထုတ်လုပ်မှု၊ ပရိဘောဂထုတ်လုပ်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်းများ အခြေခံသည့် ထုတ်လုပ်မှုလုပ်ငန်းများအဖြစ်လည်းကောင်း ၊ ဒုတိယဦးစားပေး(ခ)အုပ်စုတွင် ဆေးရွက်ကြီး၊ စက္ကူနှင့် စက္ကူသုံးထုတ်ကုန်ထုတ်လုပ်မှု၊ ကျောက်မီးသွေးနှင့် ရေနံစိမ်း၊ ဓာတုဗေဒပစ္စည်းထုတ်လုပ်မှု၊ သတ္တုသန့်စင် ထုတ်လုပ်မှု၊ ကွန်ပျူတာနှင့် အီလက်ထရောနစ်၊ | မူဝါဒ |

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|
| | | လျှပ်စစ်ပစ္စည်းကိရိယာ၊ စက်နှင့်စက်ပစ္စည်း၊ မော်တော်ယာဉ်နှင့် ပစ္စည်းတင်ယာဉ်အမျိုးမျိုး၊ အခြားသယ်ယူပို့ဆောင်ရေး ဆိုင်ရာပစ္စည်းစသည့် ထုတ်လုပ်မှုလုပ်ငန်းနှင့် အခြားပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းများ စသဖြင့် ကဏ္ဍများသတ်မှတ်ပြီး အားပေးဆောင်ရွက်သွားပါမည်။ | |
| ၂၀ | နိုင်ငံတော်မှထုတ်ပေးခဲ့သည့် စိုက်ပျိုးရေး ချေးငွေများ နှင့် MSME လုပ်ငန်းများ အတွက် ချေးငွေများကို သတ်မှတ်ကာလ များအတွင်းနိုင်ငံတော်သို့ပြန်လည် ပေး သွင်းနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်၊ | နိုင်ငံတော်မှ ထုတ်ပေးခဲ့သည့် MSME ချေးငွေအစီအစဉ်များတွင် စက်မှုကြီး ကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေး လုပ်ငန်းများကို ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။ အဆိုပါချေးငွေများကို အကျိုးရှိစွာ အသုံးချမှု ရှိ/ မရှိ ၊ ပြန်လည်ပေးဆပ်နိုင်မှု ရှိ/ မရှိ တို့ကို စိစစ်နိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဖွဲ့စည်းထားရှိသော ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးထားသည့် ချေးငွေများ အကျိုးရှိစွာအသုံးချမှုအပေါ် စိစစ်ကြပ်မတ် ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ အဖွဲ့များတွင် တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေး နှင့်စစ်ဆေးရေး ဦးစီးဌာနများမှ ပူးပေါင်းပါဝင်လျက်ရှိပြီး ချေးငွေများကို သတ်မှတ်ကာလ များအတွင် နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရာတွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ | **ရင်းနှီး** |
| ၂၄ | ကရင်ပြည်နယ်အတွင်း တန်ဖိုးမြင့်ဆန် ထုတ်ကုန်များ ရရှိစေရေးအတွက် ဒေသ တွင်းအရည်အသွေး ကောင်းမွန်သည့် ဆန်စက်များတည်ထောင်နိုင်ရေး ဆောင် | ကရင်ပြည်နယ်အတွင်း တန်ဘိုးမြင့်ဆန်ထုတ်ကုန်များ ရရှိစေရန်အတွက် ဆန်စက်လုပ်ငန်းရှင်များအသင်းအားတန်(၁၀၀)ကျ ခေတ်မီဆန်စက်ကို ဘားအံ စက်မှုဇုန်တွင် တည်ထောင်နိုင်ရေးအတွက် ပြည်နယ်အစိုးရ၏ လမ်းညွှန်မှုဖြင့် မြေနေရာချထားပေးခြင်း၊ စက်ပစ္စည်းများဝယ်ယူနိုင်ရေး အတွက် လိုအပ်သော ရင်းနှီးငွေများအားရရှိစေရန် သမဝါယမဦးစီးဌာနနှင့် | **ကရင်DISI** |

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|
| | ရွက်ရန်၊ | ချိတ်ဆက်၍ သမကုန်ထုတ် အသင်းများဖွဲ့စည်းနိုင်ရေးစီမံ ဆောင်ရွက်လျက်ရှိပါသည်။ | |
| ၂၅ | ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင်လည်း အရည်အသွေးကောင်းမွန်သည့် ထုပ်ပိုးမှုစနစ်ဖြင့် ပြည်ပသို့တင်ပို့နိုင်ရေး ဆောင်ရွက်ရန်၊ | **-ကရင်ပြည်နယ်**<br>ကရင်ပြည်နယ် SME ဌာနအနေဖြင့် စိုက်ပျိုးရေးကိုအခြေခံသည့် စားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်းလုပ်ကိုင်နေသော လုပ်ငန်းရှင်များအား Packing စနစ် ကောင်းမွန်စေရေးအတွက် Packing နည်းပညာအား နိပ္ပွန်ဖောင်ဒေးရှင်းမှ စိုက်ပျိုးရေးဦးစီးဌာနသို့ လွှဲပြောင်းထားသော Packing စက်များ ကိုင်တွယ်ပုံ ထုတ်ပိုးမှု အဆင့်ဆင့်များကို စိုက်ပျိုးရေးဦးစီးဌာန ၊ စားသုံးသူရေးရာဦးစီးဌာန၊ အသေးစားစက်မှုလက်မှု လုပ်ငန်းများဦးစီးဌာန တို့နှင့် ပေါင်းစပ်၍ သင်တန်းပေး ရန်လျာထား ဆောင်ရွက်လျက်ရှိပါသည်။<br>**-မွန်ပြည်နယ်**<br>မွန်ပြည်နယ်တွင် ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာ၌ အရည်အသွေးကောင်းမွန်သည့် ထုတ်ပိုးမှုစနစ်ဖြင့် ပြည်ပသို့တင်ပို့နိုင်ရန် အသိပညာပေးသင်တန်းများ ပို့ချခြင်းကို မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားပါသည်။<br>-Packingသင်တန်းများ ပို့ချပေးနိုင်ရေးအတွက် နည်းပညာနှင့်ဈေးကွက်မြှင့်တင်ရေးဌာန(ရုံးချုပ်)မှလည်း စီစဉ်ဆောင်ရွက်သွားပါမည်။ | ကရင်DISI<br><br><br><br><br><br><br><br>မွန် DISI |
| ၂၆ | ရော်ဘာနှင့် တိရစ္ဆာန်သားရေများကို အသုံးပြု၍ ဖိနပ်ထုတ်လုပ်ခြင်းနှင့် မော်တော်ကားနှင့် မော်တော်ဆိုင်ကယ် | **-ကရင်ပြည်နယ်**<br>ကရင်ပြည်နယ် SME ဌာနအနေဖြင့် ပြည်နယ်အတွင်း ရော်ဘာနှင့် တိရိစ္ဆာန်သားရေကို အသုံးပြု၍ ဖိနပ်စက်ရုံတည်ထောင်လိုသည့် တိုင်းရင်းသား | ကရင်DISI |

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|
| | များအတွက် တာယာများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ | လုပ်ငန်းရှင်များအား ဖိတ်ခေါ်နိုင်ရေးအတွက် ကရင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း(KCCI) နှင့်ချိတ်ဆက်၍ စီမံဆောင်ရွက် လျက်ရှိပါသည်။<br>-မွန်ပြည်နယ်<br>မွန်ပြည်နယ်တွင် ရော်ဘာနှင့်တိရစ္ဆာန်သားရေများကို အသုံးပြု၍ ဖိနပ်ထုတ်လုပ်ခြင်းအား မွန်ပြည်နယ်အတွင်းရှိ လုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားပါမည်။ | မွန် DISI |
| ၂၇ | ကရင်ပြည်နယ်အတွင်း ထုံးကျောက်များစွာထွက်ရှိ သဖြင့် ဘိလပ်မြေထုတ်လုပ်ခြင်း လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပြီး ဘိလပ်မြေစက်ရုံ တည်ဆောက်နိုင်ရေး တိုင်းရင်းသားလုပ်ငန်းရှင်များ အား ဖိတ်ခေါ်သွားရန်၊ | ကရင်ပြည်နယ် SME ဌာနအနေဖြင့် ဘိလပ်မြေစက်ရုံ တည်ထောင်နိုင်ရေး တိုင်း ရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်နိုင်ရေးအတွက် ကရင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(KCCI) နှင့်ချိတ်ဆက်၍ လိုက်နာ ဆောင်ရွက်သွားပါမည်။ | ကရင် DISI |
| ၂၈ | ဒေသထွက်ကုန်များကို ကုန်ချောအဖြစ် ထုတ်လုပ်ရာ တွင် ကုန်ကြမ်းများကို ပြည်ပမှတင်သွင်းခြင်းအစား ပြည်တွင်းမှရရှိသော ကုန်ကြမ်းများဖြင့် ထုတ်လုပ်နိုင် ရေး ဆောင်ရွက်ရန်၊ | -ကရင်ပြည်နယ်<br>ကရင်ပြည်နယ်တွင် ပြည်တွင်းမှရရှိသော ကုန်ကြမ်းများဖြင့် ထုတ်လုပ်နိုင်ရေး အတွက် ဆီလုပ်ငန်း၊ ဆန်စက်လုပ်ငန်း၊ ကော်ဖီမှုန့်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ရင်းနှီးငွေ၊ နည်းပညာ၊ ဈေးကွက်ရရှိစေရန် ပြည်နယ်နေ့၊ Trade Fair များတွင်ပါဝင်ပြသစေခြင်း၊ ထောက်ပံ့ငွေရရှိစေရေး | ကရင် DISI |

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|
| | | အတွက် သမဝါယမဦးစီးဌာနဖြင့် ချိတ်ဆက်၍ ကော်ဖီ၊ ဆန် ၊ ဆီစက်ကုန်ထုတ် သမဝါယမအသင်းများ ထူထောင်ပြီးစီမံဆောင်ရွက်လျက်ရှိပါသည်။<br>-မွန်ပြည်နယ်<br>မွန်ပြည်နယ်တွင် ဒေသထွက်ကုန်များကို ကုန်ချောအဖြစ်ထုတ်လုပ်ရာ၌ ကုန်ကြမ်းများကို ပြည်ပမှတင်သွင်းခြင်းအစား ပြည်တွင်းမှရရှိသော ကုန်ကြမ်း များဖြင့် ထုတ်လုပ် နိုင်ရေးအတွက် MSME လုပ်ငန်းရှင်များအား အသိပညာပေး ဟောပြောပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများတက် ရောက်စေခြင်း၊ သင်တန်းများ ပို့ချခြင်းများဆောင်ရွက်သွားပါမည်။ | မွန် DISI |
| ၂၉ | မော်လမြိုင်မြို့ရှိ ကျောက်တန်းစက်ရုံစုသည် စက်မှုဇုန်ဥပဒေပါ အမည်နှင့်ကိုက်ညီမှု ရှိ/မရှိ စိစစ်ဆောင်ရွက်ရန်၊ | စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတွင် မော်လမြိုင်မြို့ရှိ ကျောက်တန်း စက်ရုံစုသည် စက်မှုရပ်ကွက်ဟု စာရင်းဝင်ပါသည်။ ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ဖြင့်(၂၀၁၄) ခုနှစ်တွင် တည်ထောင်ခြင်းဖြစ်ပြီး၊ စက်မှုဇုန် ဥပဒေအရ တည်ထောင်ပြီးစက်မှုဇုန်အဓိပ္ပါယ်ဖော်ပြချက်တွင် အကျုံးဝင်ပါသည်။ | ကြီးကြပ်/<br>မွန် DISI |

ပူးတွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် (၄.၁၁.၂၀၂၂)ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့နယ်ရှိ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်း လျာထားသည့်နေရာများကို ကြည့်ရှုစစ်ဆေးပြီး (၄.၁၁.၂၀၂၂)ရက်တွင် ထားဝယ်မြို့နှင့် (၅.၁၁.၂၀၂၂)ရက်တွင် မြိတ်မြို့တို့ရှိ အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းရှင်များနှင့်တွေ့ဆုံခဲ့စဉ် လမ်းညွှန်မှာကြားချက်များ**

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|
| ၂ | တိုင်းပြည်စီးပွားရေးမြှင့်တင်နိုင်ရေးအတွက် ပြည်ပသွင်းကုန်များကို အစားထိုးထုတ်လုပ်နိုင်ရေးနှင့် ပြည်တွင်းထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး MSME လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ကူညီပံ့ပိုးရန်။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ “ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုကို အားပေးရန် အထူးသဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ပြည်တွင်းရှိ MSME များကို အလေးပေးဆောင်ရွက်ရန် ” ဟူသည့် လမ်းညွှန်မှာကြားချက်များနှင့်အညီ ပြည်တွင်းထုတ်ကုန်များအားပေးမြှင့်တင်နိုင်ရေး Online တွေ့ဆုံဆွေးနွေးပွဲ (၇)ပွဲကို ပြည်နယ်/တိုင်းဒေသကြီးများအလိုက် ဆက်စပ်စုစည်း၍ ကျင်းပပြုလုပ်ခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးပွဲများမှ MSME များ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများအနေဖြင့် ကဏ္ဍ(၁၄)ခုတွင် အချက်(၁၄၄)ချက် ဖော်ထုတ်နိုင်ခဲ့ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ပတ်သက်လုပ်ကိုင်ဆောင်ရွက်နေသော Stakeholder များဖြင့် အပြီးသတ်ဆွေးနွေးညှိနှိုင်းကာ ရေတို၊ရေရှည် ဖြေရှင်းဆောင်ရွက်ရမည် Action Plan များ ချမှတ်အကောင်အထည်ဖော်နိုင်ရေး စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြဆောင်ရွက်လျက်ရှိပါသည်။ | နည်းပညာ |

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|
| ၇ | နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးထိခိုက်ခဲ့ရမှုများကို ကုစားနိုင်ရေးအတွက် မိမိတို့နိုင်ငံနှင့်ကိုက်ညီမှုရှိသည့် အသေးစား၊အငယ်စားနှင့်အလတ်စား MSME စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်။ | အသေးစား၊အငယ်စားနှင့်အလတ်စီးပွားရေး လုပ်ငန်းများ တီထွင်ဆန်းသစ်မှုနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်၊ တီထွင်ဆန်းသစ်မှုနှင့် ဆိုင်သော နည်းပညာများနှင့် ဒေသအလိုက် အလားအလာ ရှိသည့်ထွက်ကုန်များအား တန်ဖိုးမြှင့်ထုတ်လုပ်လာနိုင်စေရန်အတွက် နည်းပညာများပံ့ပိုးပေးခြင်း၊ ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားပြီး ဒေသတွင်းဈေးကွက်နှင့် ထုတ်လုပ်မှုကွင်းဆက်များအတွင်းသို့ ဝင်ရောက်နိုင်စေရန်နှင့် အလားအလာရှိသည့် ဒေသထွက်ကုန်ပစ္စည်းများအား ဦးစားပေးထုတ်ကုန်များအဖြစ် ရွေးချယ်သတ်မှတ်၍ ဒေသတစ်ခု ထုတ်ကုန်တစ်ခု အစီအစဉ်များကို ပြည်နယ်/ တိုင်းဒေသကြီးများအလိုက် ရေးဆွဲချမှတ်အားပေးဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားပါမည်။ | မူဝါဒ |
| ၁၇ | တနင်္သာရီတိုင်းဒေသကြီးအတွင်း တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် တိရစ္ဆာန်သားရေများဖြင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်။ | လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။ | ကြီးကြပ် |
| ၂၃ | တနင်္သာရီတိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ပျိုးမှုမှ ထွက်ရှိလာသည့် ကုန်ကြမ်းများကို မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်တာယာများ၊ ဖိနပ်များနှင့် အခြားလူသုံးကုန်ပစ္စည်းအမျိုးမျိုးကို အဆင့်မီမီ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်။ | လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။ | ကြီးကြပ် |

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
| --- | --- | --- | --- |
| ၂၄ | တနင်္သာရီတိုင်းဒေသကြီးအတွင်း ဝါး၊သစ်နှင့် သစ်တောထွက်ပစ္စည်းများကို အသုံးချ၍ စက္ကူပျော့ဖတ် အပါအဝင်အခြားလူသုံးကုန်ကုန်ချော ပစ္စည်းအမျိုးမျိုး ထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက်ရန်။ | လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။ | ကြီး ကြပ် |

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် (၂၂.၁၀.၂၀၂၂)ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များအား နေပြည်တော်ကောင်စီဝန်းရှိ ဇမ္ဗူသီရိခန်းမ၌ တွေ့ဆုံခဲ့စဉ် လမ်းညွှန်မှာကြားချက်များ**

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|
| **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | | | |
| ၂ | နေပြည်တော်ကောင်စီနယ်မြေတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အောင်မြင်အောင်ဆောင်ရွက်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ရန်၊ | (က)အဓိကသီးနှံများအရည်အသွေးပြည့်ဝပြီးအထွက် နှုန်းကောင်းမွန်ရေး၊ သတ်မှတ် မွေးမြူရေးဇုန်များ အတွင်းရှိ မြေဧရိယာများတွင်မွေးမြူရေးလုပ်ငန်းများအားလုံး တိုးချဲ့ဆောင်ရွက်ရေး အစရှိသည့် ကဏ္ဍနှစ်ရပ်ဖွံ့ဖြိုး တိုးတက်လာခြင်းနှင့်အတူ ပုဂ္ဂလိက ကုန်ထုတ်လုပ်လုပ်ငန်းများကို အားပေးမြှင့်တင်ပေးခြင်း ဆောင်ရွက် သွားမည် ဖြစ်ပါသည်။ | မူဝါဒ/<br>နပတ DISI |
| **စက်မှုဝန်ကြီးဌာန** | | | |
| ၄ | နေပြည်တော်ကောင်စီ နယ်မြေအတွင်း ထုတ်ကုန်ပစ္စည်းများ ဈေးကွက် ရရှိရေးအတွက် အရည်အသွေးပြည့်မီသည့်ထုတ်ကုန်များကို ထုတ်လုပ်ပြီး ထုပ်ပိုးမှုများကိုလည်း အရည်အသွေးကောင်းမွန်သည့် ထုပ်ပိုးမှုစနစ်ဖြင့် ပြည်တွင်း/ပြည်ပဈေးကွက်တို့သို့ တင်ပို့ရောင်းချ နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ | စက်မှုဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ MSME လုပ်ငန်း (၁၀၀) ခုတို့၏ ထုတ်ကုန်များ ဈေးကွက်ပိုမို ကျယ်ပြန့်စွာ တိုးတက်ရရှိစေရေးနှင့် ခေတ်နှင့်အညီ Digital Marketing စနစ်တွင် လိုက်ပါ ဆောင်ရွက်ကာ ပြည်တွင်း/ ပြည်ပ ဈေးကွက် သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် E-Market Place for Myanmar Products Platform အား တည်ထောင်ဆောင်ရွက်လျက်ရှိပါသည်။ | နည်းပညာ |

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|
| ၅ | MSME လုပ်ငန်းတွင် ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုနှင့် အခြားလုပ်ငန်းများရှိသော်လည်း ထုတ်လုပ်မှုများကို အားပေး ဆောင်ရွက်ရန်၊ | MSME လုပ်ငန်းတွင် ထုတ်လုပ်မှု၊ရောင်းဝယ်မှု၊ဝန်ဆောင်မှုနှင့် အခြား လုပ်ငန်းများရှိပြီး ထုတ်လုပ်မှုတွင် ဦးစားပေး(က)နှင့် ဦးစားပေး(ခ) ဟူ၍ ခွဲခြား၍ ဦးစားပေး(က)အုပ်စုတွင် အစားအသောက်၊ အဖျော်ယမကာ၊ အထည်အလိပ်၊ အဝတ်အထည်၊ သားရေ၊ သစ်နှင့် သစ်အချောထည် ပစ္စည်းများ၊ ဆေးဝါးနှင့် ရုက္ခဗေဒဆိုင်ရာ ထုတ်လုပ်မှု၊ ရာဘာနှင့်ပလပ်စတစ်၊ သတ္တုနှင့် တွင်းထွက် ပစ္စည်းများ၊ အခြေခံသတ္တုထုတ်လုပ်မှု၊ ပရိဘောဂထုတ်လုပ်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်းများ အခြေခံသည့် ထုတ်လုပ်မှု လုပ်ငန်းများအဖြစ်လည်းကောင်း ၊ ဒုတိယဦးစားပေး(ခ)အုပ်စုတွင် ဆေးရွက်ကြီး၊ စက္ကူနှင့် စက္ကူသုံးထုတ်ကုန် ထုတ်လုပ်မှု၊ ကျောက်မီးသွေးနှင့် ရေနံစိမ်း၊ ဓာတုဗေဒပစ္စည်းထုတ်လုပ်မှု၊ သတ္တုသန့်စင် ထုတ်လုပ်မှု၊ ကွန်ပျူ တာနှင့် အီလက်ထရောနစ်၊ လျှပ်စစ်ပစ္စည်းကိရိယာ၊ စက်နှင့်စက်ပစ္စည်း၊ မော်တော်ယာဉ်နှင့် ပစ္စည်းတင်ယာဉ်အမျိုးမျိုး၊ အခြားသယ်ယူပို့ဆောင်ရေး ဆိုင်ရာ ပစ္စည်းစသည့် ထုတ်လုပ်မှုလုပ်ငန်းနှင့် အခြားပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းများ စသဖြင့် ကဏ္ဍများသတ်မှတ်ပြီး အားပေးဆောင်ရွက်သွားပါမည်။ | မူဝါဒ |

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|
| ၆ | MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံငွေများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ချေးပေးလျက်ရှိရာ ယင်းငွေများကို နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိရှိ အသုံးပြုနိုင်ရေးစီမံဆောင်ရွက်ရန်၊ | MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံငွေများကို စည်းမျဉ်းစည်းကမ်းများနှင့် အညီ နိုင်ငံတော်မှ အစီအစဉ် အမျိုးမျိုးဖြင့် ထုတ်ချေးပေးလျက်ရှိပါသည်။ ကိုဗစ်-၁၉ အစီအစဉ်နှင့်ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ်များ တွင် ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးထားသော ချေးငွေများ အကျိုးရှိစွာ အသုံးချမှုအပေါ် စိစစ်ကြပ်မတ်ရေးအဖွဲ့များ ဖွဲ့စည်း၍ ချေးငွေရယူထားသည့်လုပ်ငန်းများ လည်ပတ်မှုအခြေအနေ၊ ချေးငွေ ပြန်လည်ပေးဆပ်နိုင်မှုအခြေအနေ၊ ချေးငွေအကျိုးရှိစွာအသုံးချမှု၊ ချေးငွေပြန်ဆပ်နိုင်မှုရှိ/မရှိနှင့် ဝင်ငွေရရှိမှု အခြေအနေများကို စိစစ်၍ ကိုဗစ်-၁၉ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ ၏ လုပ်ငန်း အဖွဲ့သို့ တင်ပြလျက်ရှိပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ စိစစ်ကြပ်မတ်ရေး အဖွဲ့များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက် ရှိပါသည်။ | ရင်းနှီး |
| ၇ | နိုင်ငံတော်မှ ကောက်ခံသော အခွန်နှုန်းသည် အခြားအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက သင့်လျော်သည့်နှုန်းထားဖြစ်၍ စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်သည့် အခွန်ကိုကျေပွန်စွာ ပေးဆောင်စေရန်၊ | စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များ သတ်မှတ်သည့် အခွန်ကိုကျေပွန်စွာ ပေးဆောင်စေရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ | ရင်းနှီး |

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|
| ၈ | အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ခိုင်မာမှုရှိစေရေးအတွက် ၎င်းတို့ကိုယ်တိုင် လွတ်လပ်စွာဆောင်ရွက်နိုင်သော နည်းလမ်းများ ချမှတ်၍ ဖော်ဆောင်ပေးရန်၊ | အသေးစား၊အလတ်စားစက်မှုလက်မှုလုပ်ငန်းများအား ခိုင်မာမှုရှိစေရေး အတွက် Online မှတစ်ဆင့်လွယ်ကူလျင်မြန်စွာလုပ်ငန်းမှတ်ပုံတင်နိုင်ရေး ဆောင်ရွက် ပေးလျက်ရှိပါသည်။ | ကြီးကြပ် |
| **နေပြည်တော်ကောင်စီ** | | | |
| ၁၇ | နေပြည်တော်ကောင်စီနယ်မြေအတွင်း မျှစ်နှင့် ခရမ်းချဉ်သီးကဲ့သို့ ဒေသထွက်ကုန်များအား တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် တိုးမြှင့်ထုတ်လုပ်နိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ရန်၊ | နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ Micro လုပ်ငန်းများဖြစ်သည့် ပြည်ထောင်စု နယ်မြေ (နေပြည်တော်)၊ ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ်၊ တဲကုန်း ကျေးရွာအတွင်းရှိ မျှစ်ချဉ်ထုတ် လုပ်ရောင်းချနေသည့် လုပ်ငန်း များကို မိရိုးဖလာ ထုတ်လုပ်နေ မှုမှ Valued-added တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်ပြီး ပြည် တွင်း/ ပြည်ပ ဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်သော ထုတ်ကုန်များအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေး ပံ့ပိုးကူညီရန်အတွက် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန/သမဝါယမဦးစီးဌာနများနှင့်ပူးပေါင်း ဆောင်ရွက်လျက်ရှိပါ သည်။ | မူဝါဒ/<br>နပတ DISI |
| ၁၈ | နေပြည်တော်ကောင်စီနယ်မြေတွင် ပြည်ပမှ တင်သွင်းသည့် ဓာတ်မြေဩဇာအစား ပြည်တွင်းမှ ထွက်ရှိသည့် သဘာဝဓာတ်မြေ ဩဇာများ အစားထိုးအသုံးပြုနိုင် | ပြည်တွင်းမှ ထွက်ရှိသည့် သဘာဝဓာတ်မြေဩဇာများ အစားထိုး အသုံးပြုနိုင်ရေး အတွက် လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်သွားနိုင်ရန် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် | မူဝါဒ/<br>နပတ DISI |

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|
| | ရေး လိုအပ်သည်များ ပံ့ပိုးအားပေး ကူညီဆောင်ရွက်ရန်၊ | ပူးပေါင်းဆောင်ရွက်သွားပါမည်။ | |
| ၁၉ | နေပြည်တော်ကောင်စီနယ်မြေတွင် လျှပ်စစ်မီး ကောင်းမွန်သဖြင့် စက်ရုံအလုပ်ရုံလုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများ ပိုမိုတိုးတက် ဖြစ်ထွန်းလာစေရေး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ရန်၊ | (က)နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ CMP စက်ရုံ(၃)ရုံအား စက်မှု မှတ်ပုံတင်ပေးထားပြီးဖြစ်ပါသည်။ ထပ်မံထူထောင်မည့် လုပ်ငန်းများကိုလည်းလိုအပ်သည်များ ပံ့ပိုးပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင်အထည်ချုပ်လုပ်ငန်းရှိ လုပ်သားများ ကျွမ်းကျင်လက်မှတ်ရရှိရေး ဆောင်ရွက်ပေး လျက်ရှိပါသည်။ ဒက္ခိဏသီရိစက်မှုဇုန်အတွင်း အထည်ချုပ် လုပ်ငန်းတစ်ခုအား ဆောင်ရွက်ခွင့်ပြုပေးခဲ့ပြီး မြေပြုပြင်ခြင်းနှင့် Foundation လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ | ကြီးကြပ်/ နပတ DISI |
| ၂၁ | နေပြည်တော်ကောင်စီနယ်မြေတွင် MSMEအသင်းနှင့် နေပြည်တော် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း တို့အတွက် သင့်လျော်သည့် မြေနေရာပေးနိုင်ရေး စိစစ်တင်ပြရန်၊ | ဥတ္တရသီရိမြို့နယ်အတွင်းတွင် UMFCCI ရုံးဖွင့် လှစ်ထားရှိပြီး ဖြစ်ပါသည်။ နေပြည်တော်ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ရုံးနှင့် MSME အသင်းအတွက် မြေနေရာလိုအပ်ချက်ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းလုပ်ငန်းများပေါ်မူတည်ပြီး သက်ဆိုင်ရာ အသင်းမှတာဝန်ရှိသူများနှင့်တွေ့ဆုံစီစစ် ဆောင်ရွက်သွားပါမည်။ | နပတ DISI |

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် (၃၀.၁၁.၂၀၂၂)ရက်မှ(၄.၁၂.၂၀၂၂)ရက်ထိ မန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်မြို့သို့ သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း ကော်ဖီလုပ်ငန်းရှင်များနှင့်တွေ့ဆုံခဲ့စဉ်နှင့် အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်းထားရှိမှုအား ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များ**

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|
| ၁၉ | MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်ကြမ်း၊သွင်းအားစု၊အရင်းအနှီး၊လူသားအရင်းအမြစ်စသည့် အချက်(၄)ချက်ဖြင့် ပြည့်စုံစေရေး ကြိုးပမ်းဆောင်ရွက်ရန်။ | – ကုန်ကြမ်းများ ပြည့်စုံစေရေးအတွက် ပြည်တွင်းကုန်ကြမ်းကို အသုံးပြုသည့်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ရန် အတွက်ဒေသဆိုင်ရာ MSME အေဂျင်စီများအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။<br>– သွင်းအားစုများ ပြည့်စုံစေရေးအတွက် သွင်းကုန်အစားထိုး ထုတ်ကုန်များ အားပေးမြှင့်တင်ရေးအတွက် ဒေသဆိုင်ရာ MSME အေဂျင်စီများ အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။<br>– ငွေကြေးအရင်းအနှီးများရရှိစေရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသည့် MSME ချေးငွေအစီအစဉ်များတွင် သက်ဆိုင်ရာဘဏ်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ပေးခြင်း၊ ပြည်နယ်/ တိုင်းဒေသကြီးများမှ နိုင်ငံ့စီးပွားမတည်ရန်ပုံငွေမှ ကုန်ထုတ်သမဝါယမ အသင်းများဖွဲ့၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်၍ ရင်းနှီးမတည်ငွေရရှိစေရေး ချိတ်ဆက်ဆောင်ရွက်လျက် ရှိပါသည်။ | |

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|
| | | -လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ MSME ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန (၇)ခုမှ ပုံမှန်ဖွင့်လှစ်သင်ကြားပေးနေသော လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှု သင်တန်းများအား ပြည်သူများ သိရှိစေနိုင်ရန်အတွက် msmewebportal.gov.mm တွင် လွှင့်တင်၍ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။ | |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် (၂၇.၁၁.၂၀၂၂)ရက်မှ(၂၈.၁၁.၂၀၂၂)ရက်ထိ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့သို့ သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း MSMEလုပ်ငန်းရှင်များနှင့်တွေ့ဆုံခဲ့စဉ်လမ်းညွှန်မှာကြားချက်များ

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|
| ၉ | မကွေးတိုင်းဒေသကြီးအတွင်း နွားမွေးမြူရေးလုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်ပြီး နို့ထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် နို့ထွက်ပစ္စည်းစက်ရုံတည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ | လိုက်နာဆောင်ရွက်သွားပါမည်။ | ကြီးကြပ် |
| ၁၀ | မကွေးမြို့ရှိ "မောင်မော်" ဓား၊ ကပ်ကြေးလုပ်ငန်းမှ ထုတ်လုပ်သည့် ကပ်ကြေးများအား အရည်အသွေးမြင့်ထုတ်ကုန်ဖြစ်စေရေးနှင့်ထုတ်ပိုးမှုစနစ်ကောင်းမွန်စေရေး လိုအပ်သည်များ ကူညီ ဆောင်ရွက်ပေးရန်၊ | ဓား၊ ကပ်ကြေး ထုတ်ကုန်များအား အရည်အသွေးမြင့် ထုတ်ကုန်များဖြစ်စေရေးအတွက် Raw Material အသုံး ပြုမှုဆိုင် ရာနှင့် Heat Treatment နည်းပညာများအား စက်မှုဝန်ကြီးဌာနရှိ စက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ ထုတ်ပိုးမှုစနစ်ကောင်းမွန်စေရေးအတွက် MSMEများအား ဌာနမှ စီစဉ်ပို့ချလျက်ရှိသော Packaging သင်တန်းများတွင် မကွေးမြို့ရှိ လုပ်ငန်းရှင်များ တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားပါမည်။ | နည်းပညာ |
| ၁၁ | မကွေးတိုင်းဒေသကြီးအနေဖြင့် စားသုံးဆီနှင့် ချည်ထည်ပစ္စည်း အများဆုံးထုတ်လုပ်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ဒေသထွက်ကုန်ကြမ်းကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်ရန်။ | စားသုံးဆီနှင့်ချည်ထည်ပစ္စည်း အများဆုံးထုတ်လုပ်နိုင်ရေးနှင့် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်သွားပါမည်။ | မူဝါဒ |
| ၁၂ | မကွေးတိုင်းဒေသကြီးတွင် MSMEs လုပ်ငန်းများ အောင်မြင်စေရန်အတွက် အခြေခံအချက်(၄)ချက် ဖြစ် | - ကုန်ကြမ်းများ ပြည့်စုံစေရေးအတွက် ပြည်တွင်းကုန်ကြမ်းကို အသုံးပြုသည့်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ရန် | မူဝါဒ |

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|
| | သည့် ကုန်ကြမ်းပစ္စည်း၊ သွင်းအားစု ၊ အရင်းအနှီးနှင့် နည်းပညာပိုင်းဆိုင်ရာများ ဟန်ချက်ညီညီပြည့်စုံစွာ ရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်။ | အတွက်ဒေသဆိုင်ရာ MSME အေဂျင်စီများအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။<br>- သွင်းအားစုများ ပြည့်စုံစေရေးအတွက် သွင်းကုန်အစားထိုး ထုတ်ကုန်များ အားပေးမြှင့်တင်ရေးအတွက် ဒေသဆိုင်ရာ MSME အေဂျင်စီများ အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။<br>- ငွေကြေးအရင်းအနှီးများရရှိစေရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသည့် MSME ချေးငွေအစီအစဉ်များတွင် သက်ဆိုင်ရာ ဘဏ်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ပေးခြင်း၊ ပြည်နယ်/ တိုင်းဒေသကြီးများမှ နိုင်ငံ့စီးပွားမတည်ရန်ပုံငွေမှ ကုန်ထုတ်သမဝါယမ အသင်းများဖွဲ့၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်၍ ရင်းနှီးမတည်ငွေ ရရှိစေရေး ချိတ်ဆက်ဆောင်ရွက်လျက် ရှိပါသည်။<br>-နည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ MSME ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန (၇)ခုမှ ပုံမှန်ဖွင့်လှစ်သင်ကြားပေး နေသော | |

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|
| | | လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှု သင်တန်းများအား ပြည်သူများ သိရှိစေနိုင်ရန်အတွက် msmewebportal.gov.mm တွင် လွှင့်တင်၍ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။ | |
| ၂၂ | မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့်ထုတ်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့် ထုတ်ကုန်များ (Value Added) အဖြစ် ထုတ်လုပ်ပြီး ပြည်တွင်း/ ပြည်ပ ဈေးကွက်များသို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ | စက်မှုဝန်ကြီးဌာနတွင် MSME ထုတ်ကုန်များ ဈေးကွက်ပိုမိုကျယ်ပြန့်စွာရရှိရေးအတွက် Digital စနစ်ဖြင့် ရောင်းချသည့် E Market Place for Myanmar Products Platform အား တည်ထောင် အသုံးပြုလျက်ရှိပါသည်။ အဆိုပါ Platform ပေါ်တွင် မကွေးတိုင်းဒေသကြီးမှ စိုက်ပျိုးရေးနှင့်မွေးမြူရေး အခြေခံ ထုတ်ကုန်များ ပါဝင်ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ | နည်းပညာ |
| ၂၃ | မကွေးတိုင်းဒေသကြီးအတွင်း ဝါးကို အခြေခံသည့် စက္ကူပျော့ဖတ်များထုတ်လုပ်၍ ပြည်တွင်းစက္ကူလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် အလားတူ သစ်အချောထည်ပစ္စည်းများကိုလည်း ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် ။ | လိုက်နာဆောင်ရွက်သွားပါမည်။ | ကြိုးကြပ် |
| ၂၄ | မကွေးတိုင်းဒေသကြီးအတွင်း တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် တိရစ္ဆာန်သားရေများဖြင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် ။ | လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်သွားပါမည်။ | ကြိုးကြပ် |
| ၂၅ | မကွေးတိုင်းဒေသကြီးအတွင်း လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက် | မကွေးတိုင်းဒေသကြီးမှ လူသုံးကုန်ပစ္စည်းထုတ်လုပ်သူများ အမြင်ကျယ်ကျယ်ဖြင့် တင်သွင်းသူ (Importer) အဖြစ်မှ တင်ပို့သူ | နည်းပညာ |

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|
| | ရန် နှင့် တင်သွင်းသူ (Importer) အဖြစ်မှ တင်ပို့သူ Exporter)အဖြစ်သို့ ရောက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်ရန်၊ | (Exporter) အဖြစ်သို့ ရောက်ရှိစေရေးအတွက် Export တင်ပို့မှုဆိုင်ရာ အချက်အလက်များအား ရှင်းလင်းဆွေးနွေးခြင်းကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ | |
| ၂၉ | မကွေးတိုင်းဒေသကြီးအတွင်း တိုင်းရင်းဆေးဝါးများ ၊ အခြေခံလူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ပြည်ပသွင်းကုန်များ တင်သွင်းမှုကို လျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် ။ | ကြိုးပမ်းဆောင်ရွက်သွားပါမည်။ | မူဝါဒ |
| ၃၁ | မကွေးတိုင်းဒေသကြီးအတွင်း စက်မှုဇုန်များအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ယင်းသို့ဆောင်ရွက်ရာတွင် လိုအပ်သောမြေနေရာအတွက် မြေလွတ်မြေရိုင်းတို့ကို ရှာဖွေဆောင်ရွက်ပြီး ရေမီးရရှိရေးနှင့် စက်မှုဇုန်များတွင် လူနေထိုင်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်။ | လျာထားစက်မှုနယ်မြေအတွက် အခြားနည်းအသုံးပြုခွင့် ရရှိပြီး Master Plan နှင့် တိုင်းအစိုးရအဖွဲ့မှ တင်ပြလာပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ ခွင့်ပြုချက်ရရှိရေး ဆက်လက်တင်ပြသွားပါမည်။ | ကြီးကြပ် |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် (၁၃.၁၂.၂၀၂၂)ရက်နေ့မှ(၁၄.၁၂.၂၀၂၂)ရက်ထိ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နှင့် ပူတာအိုခရိုင်သို့ သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း MSMEလုပ်ငန်းရှင်များနှင့်တွေ့ဆုံခဲ့စဉ်လမ်းညွှန်မှာကြားချက်များ

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|
| ၅ | ကချင်ပြည်နယ်အတွင်းရှိ အလားအလာရှိသည့် MSME လုပ်ငန်းများကိုဆက်လက်လုပ်ဆောင် နိုင်ရေး အတွက် COVID–19 ချေးငွေကဲ့သို့ အတိုးနှုန်းသက်သာ သောချေးငွေရရှိရေး တင်ပြလာမှုအပေါ် စိစစ်တင်ပြ ရန်၊ | COVID– 19 ချေးငွေကဲ့သို့ အတိုးနှုန်းသက်သာသော ချေးငွေရရှိရေးနှင့် စပ်လျဉ်း၍ ကချင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရှိ တာဝန်ရှိသူများမှ (၁၄.၁၂.၂၀၂၂) ရက်နေ့တွင် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး လုပ်ငန်းရှင်များအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်သို့ ဆက်သွယ်ဆောင်ရွက်၍ ဘဏ်မှဝန်ဆောင်မှုပေးနေသော အတိုးနှုန်းသက်သာသည့် ချေးငွေစနစ်များကို ရယူဆောင်ရွက်နိုင်ကြောင်းနှင့် CGI စနစ်ဖြင့် ချေးငွေလျှောက်ထားမည်ဆိုပါက လိုအပ်သော ထောက်ခံချက်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ မြန်မာ့စီးပွားရေးဘဏ်မှ ထုတ်ချေးလျက်ရှိသော ချေးငွေဆိုင်ရာ အချက်အလက်များပါဝင်သည့် လက်ကမ်းစာစောင်များအား လုပ်ငန်းရှင်များထံသို့ ဝေငှပေးခဲ့ပါသည်။ | |
| ၈ | ကချင်ပြည်နယ်အတွင်းမှ ထွက်ရှိသည့် ရော်ဘာများကို အသုံးပြု၍ စက်ဘီး၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ကားများအတွက် တာယာများထုတ်လုပ်နိုင်ရေးနှင့် တိရစ္ဆာန်သားရေမှ သားရေထည်လုပ်ငန်းနှင့် | လိုအပ်သည်များအဆိုပြုတင်ပြလာပါက အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။ | |

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|
| | ဖိနပ်ထုတ်လုပ်နိုင်ရေး လိုအပ်သည်များ ကူညီပေးရန်၊ | | |
| ၁၂ | တိုင်းပြည်စီးပွားရေးမြှင့်တင်ရေးအတွက် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများဖြင့် ပြည်ပသွင်းကုန်များကို အစားထိုးထုတ်လုပ်နိုင်ရေးနှင့် ပြည်ပပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေးတို့ကို အားပေးဆောင်ရွက်ရန်၊ | ပြည်တွင်းထုတ်ကုန်များ အားပေးမြှင့်တင်သည့် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်၍ လုပ်ငန်းရှင်များ တင်ပြသည့် အခက်အခဲနှင့် လိုအပ်ချက်များကို ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ပြည်တွင်းထွက်ရှိသည့် MSME ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်၍ ပြည်ပပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေးအတွက် သက်ဆိုင်ရာ ဆက်စပ်ဌာနများဖြစ်သည့် သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အသေးစားစက်မှုလုပ်ငန်းများဦးစီးဌာနတို့နှင့် ချိတ်ဆက်၍ လုပ်ငန်းရှင်များ တောင်းဆိုလာသည့် နည်းပညာများကို ပံ့ပိုးပေးလျက်ရှိပါသည်။ | |
| ၁၃ | နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရေးအတွက် အသေးစား၊အငယ်စားနှင့် အလတ်စား(MSME) လုပ်ငန်းများကို အားပေးပြီး ဒေသတွင်းရရှိနိုင်သည့် ကုန်ကြမ်းများကို သုံးစွဲ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်ရန်၊ | MSME လုပ်ငန်းများအနေဖြင့် ဒေသတွင်း ကုန်ကြမ်းများ၊ မြေပေါ်မြေအောက်သယံဇာတကုန်ကြမ်းပစ္စည်းများကို အခြေခံသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းဖြင့် ဒေသနှင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကိုပိုမိုခိုင်မာစေမည်ဖြစ်သောကြောင့်ဒေသတွင်း ကုန်ကြမ်းထွက်ရှိမှုပေါ်အခြေခံ၍ အရည်အသွေးမြင့် ကုန်ချောထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရေး၊ ဒေသထွက်ကုန်များကို ကုန်ကြမ်းအဖြစ် ပြည်ပသို့တင်ပို့ခြင်းထက် ကုန်ချောအဖြစ် ပြောင်းလဲထုတ်လုပ်ပြီး တင်ပို့နိုင်မှသာ ဈေးကွက်ခိုင်မာမည်ဖြစ်ပါသောကြောင့် MSME များအား နည်းပညာနှင့် အခြားလိုအပ်ချက်များပံ့ပိုးနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ | နည်းပညာ |

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|
| ၁၅ | ကချင်ပြည်နယ်တွင် ဝါးနှင့်သစ်များ ပေါများစွာရှိပြီး အဆိုပါသစ်နှင့်ဝါးများကို အသုံးပြု၍ပျော့ဖတ်၊ စက္ကူများအပါအဝင် အခြားလူသုံးကုန်ပစ္စည်းများစွာ ထုတ်လုပ်နိုင်ရေးတို့အတွက် နည်းပညာနှင့်လိုအပ်သည်များကို ကူညီပံ့ပိုးပေးရန်၊ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ သုတေသနပြုဆောင်ရွက်ထားသည့် ဝါးမှ ဝါးပါကေးနှင့် ဝါးကွန်ပိုးစစ်ချပ်များ ထုတ်လုပ်သည့် နည်းပညာဖြန့်ဝေခြင်းအခမ်းအနားသို့ MSME လုပ်ငန်းရှင် (၆၄) ဦး တက်ရောက်စေ၍ နည်းပညာရရှိနိုင်ရေးနှင့် ထုတ်ကုန်နမူနာများသိရှိနိုင်ရန် ချိတ်ဆက် ဆောင်ရွက်ခဲ့ပါသည်။ | |
| ၁၈ | ကချင်ပြည်နယ်အတွင်းရှိ ရက်ကန်းလုပ်ငန်းများတွင် အသုံးပြုသည့် ချည်များအား ပြည်တွင်း၌ တိုးချဲ့ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့်ပြည်ပမှ မှာယူတင်သွင်းပါက တစ်ဦးတစ်ယောက်ချင်း မှာယူတင်သွင်းခြင်းထက် စုပေါင်းမှာယူတင်သွင်းသည့်စနစ်ဖြင့် ဆောင်ရွက်ရန်၊ | ကချင်ပြည်နယ်အတွင်းရှိ ရက်ကန်းလုပ်ငန်းများအတွက် အသုံးပြုသော ချည်ကုန်ကြမ်းများဝယ်ယူရာတွင် ဈေးနှုန်းသက်သာစွာဝယ်ယူရန်နှင့်ပတ်သက်၍ (၁၄.၁၂.၂၀၂၂)ရက်တွင် ကချင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရှိ တာဝန်ရှိသူများမှ ရက်ကန်းလုပ်ငန်းရှင်များနှင့်တွေ့ဆုံခဲ့ပါသည်။ ပြည်ပမှချည်ကုန်ကြမ်းများတင်သွင်းရာတွင် ဈေးနှုန်းသက်သာရန်အတွက် စုပေါင်းမှာယူနိုင်ရန် ပထမဦးစွာ ရက်ကန်းလုပ်ငန်းရှင် များအသင်းဖြစ်ပေါ်လာရေး ဆောင်ရွက်သင့်ကြောင်းနှင့် ရက်ကန်းလုပ်ငန်းရှင်များအသင်းဖြစ်ပေါ်လာပါက ပြည်ပမှ ချည်ကုန်ကြမ်း များအားစုပေါင်းမှာယူတင်သွင်းနိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။ | |
| ၁၉ | ကချင်ပြည်နယ်အတွင်း ပျော့ဖတ်စက်ရုံနှင့် စက္ကူစက်ရုံများကဲ့သို့ ဝါးနှင့်သစ်တို့ကို အခြေခံသည့် စက်မှုလုပ်ငန်းများအတွက် စက်ရုံတည်ထောင်လုပ်ပိုင်ခွင့်ရရှိရေး တင်ပြလာပါက အမြန်ဆုံးစိစစ်ဆောင်ရွက် | အဆိုပြုတင်ပြလာပါက အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။ | |

| စဉ် | လမ်းညွှန်မှာကြားချက်များ | ဆောင်ရွက်ထားရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|
| | ပေးရန်နှင့် သံနှင့်ရော်ဘာစက်ရုံများ တည်ထောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ | | |